The Kumudra Weekly

**The Kumudra Weekly, 14 January 2005**

# ရတနာ့မေတ္တာ ကုသိုလ်ဖြစ်ဆေးခန်း ဖွင့်ပြီ




**မည်သူမဆို လူမျိုးဘာသာမရွေး အခမဲ့ ဆေးဝါးကုသမှု ခံယူနိုင်သည်။**

**ရန်ကုန်၊ ဇန်နဝါရီ** ၄-ရတနာ့မေတ္တာ အဖွဲ့ရဲ့ ကုသိုလ်ဖြစ်ဆေးခန်းကို ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) က ရှင်သာမဏေသာသနာ့ဗိမာန် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်၊ ဗဟန်းမြို့နယ်မှာ ဖွင့်လှစ်ပါတယ်။

ရွှေတိဂုံရဲ့ အနီးမှာဖြစ်ပြီး ဒေသပေါင်းစုံက ရဟန်းသံဃာတော်တွေ၊ သီလရှင်တွေဟာ အခမဲ့ ဆေးဝါးကုသမှု ခံယူနိုင်ပါတယ်။ လူမျိုး၊ ဘာသာမရွေး လူပုဂ္ဂိုလ်တွေကိုတော့ ဆေးဝါးခကို စတိသဘော ယူပြီး စမ်းသပ်ကုသခ ကတော့ အခမဲ့ ဖြစ်ပါတယ်။

ရတနာ့မေတ္တာ ကုသိုလ်ဖြစ် ဆေးခန်းမှာ အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ် လူနာအတွက် ပီအက်စ်အိုင် (PSI) က ဆရာဝန် တစ်ဦးက ကြည့်ရှုပေးမှာဖြစ်ပြီး ရတနာ့မေတ္တာအဖွဲ့ဝင် နာယက ဆရာဝန်ကြီးတွေရဲ့ ကြီးကြပ်မှုနဲ့ တာဝန်ခံ ဆရာဝန် ခြောက်ဦးက အလှည့်ကျ ဆေးဝါးကုသပေးကြမှာ ဖြစ်ပါတယ်။ ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF-မြန်မာ) က ကုသိုလ်ဖြစ်ဆေးခန်း အတွက် လိုအပ်တဲ့ ဆေးဝါးကူညီမှုတွေကို ထောက်ပံ့မှာဖြစ်ပါတယ်။

ရတနာ့မေတ္တာ ကုသိုလ်ဖြစ် ဆေးခန်း ဖွင့်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ 'လူနာတွေရဲ့ အထွေထွေ ရောဂါစုံကို ကုသပေးရင်း အေ့ဒ်စ် ဝေဒနာရှင်၊ အိတ်ချ်အိုင်ဗီပိုး ရှိသူတွေ လာခဲ့ရင် ဝေဒနာရှင်အတွက် လိုအပ်တဲ့ ဆေးဝါးကူညီမှု၊ နှစ်သိမ့်ဆွေးနွေး အားပေးမှု၊ ဆေးဝါးကုသမှုခံယူနိုင်ဖို့ကို အဓိက လုပ်ဆောင်ပေးနိုင်ဖို့ဖြစ်တယ်' လို့ ရတနာ့မေတ္တာ အဖွဲ့ရဲ့ ဥက္ကဋ္ဌ ဦးမြင့်ဆွေ က ပြောပါတယ်။

ဆေးခန်းဖွင့်ချိန်၊ ဖွင့်ရက်နဲ့ ကုသမယ့် ဆရာဝန်တွေက တနင်္ဂနွေနေ့ ညနေ ၆း၀၀ နာရီက ည ၈း၀၀ နာရီအထိ ဒေါက်တာ အောင်မျိုးထွန်း၊ အင်္ဂါနေ့နဲ့ ဗုဒ္ဓဟူးနေ့မှာ ညနေ ၄း၀၀ နာရီက ည ၆း၀၀ နာရီအထိ ဒေါက်တာမျိုးသန့်လွင်၊ စနေနေ့ မနက် ၉း၀၀ နာရီကနေ နေ့လည် ၁၁း၀၀ နာရီအထိ ဒေါက်တာ နန္ဒရှိန်း၊ နေ့လည် ၂း၀၀ နာရီက ညနေ ၄း၀၀ နာရီအထိ ဒေါက်တာ မျိုးမြင့် (တာဝန်ခံ ဆရာဝန်) တို့က ကုသမှုပေးမှာ ဖြစ်တယ်လို့ သိရပါတယ်။

**ဆုမွန်အေး**